မုန်တိုင်းကျေးရွာ

ပဲခူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မုန်တိုင်းကျေးရွာ၊ ပဲခူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ ဇူလိုင်လ

မာတိကာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာနှင့် ပထဝီအနေအထား

(၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု

(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(၆) ပညာရေး

(၇) ကျန်းမာရေး

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(၉) ကျား-မရေးရာ

(၁၀)ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်

စီမံချက် အဆိုပြုလွှာ (၁)

စီမံချက် အဆိုပြုလွှာ (၂)

စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

မုန်တိုင်းကျေးရွာသည် ရန်ကုန်/ပဲခူးကားလမ်းမကြီးနှင့် (၁)မိုင်ခန့်အကွာဝေးပြီး ပဲခူးမြစ် တစ်လျှောက်တာလမ်းမကြီးဘေးတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်သောကျေးရွာဖြစ်ပါသည်။ ပဲခူးမြို့နှင့်ဆက်သွယ်သွားလာရာတွင် အဆင်ပြေပါသည်။ မုန်တိုင်းကျေးရွာသည် မြေပြန့်ဒေသ တွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် စက်ရုံ လုပ်သားများဖြစ်ကြပါသည်။ မုန်တိုင်းကျေးရွာ၏ မြောက်ဘက် ပုဏ္ဏာစုရပ်ကွက်ရှိပြီး အရှေ့ဘက်တွင် ကတွင်းခြံကျေးရွာ၊ အနောက်ဘက်တွင် ပဲခူးမြစ်၊ တောင်ဘက်တွင်အထက်စီတီးအနောက် ကျေးရွာတို့ရှိပါသည်။ ကျေးရွာတစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ ခန့်မှန်းခြေ ၇၀လက်မမှ ၁၀၀လက်မ ဝန်းကျင်တွင်တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုပါသည်။ ကျေးရွာအနီးတွင် တောတောင်များမရှိဘဲ ပဲခူးမြစ်နှင့်နီး၍ မိုးလယ်ရာသီတွင် တာလမ်း၏အနောက်ဘက်အိမ်များတွင်ရေကြီးမှုများဖြစ်တက်ပါသည်။လယ်ယာမြေများသည် စပါး၊ ပဲစိုက်ပျိုး ထုတ်လုပ်ရခြင်း အားအဓိကအားထားရာဖြစ်သည်။ ပတ်ဝန်းကျင်ကျေးရွာများနှင့်လည်း ဆက် သွယ်သွားလာမှု လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှု ကျေးရွာအချင်းချင်းကူညီရိုင်းပင်းမှုတို့ဖြင့် နေထိုင်ပြီး စိုးရိမ်ပူပန်မှုမရှိသောကျေးရွာဖြစ်ပါသည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

မုန်တိုင်းကျေးရွာသည် အရှေ့ဘက်တွင်လမိုင်းချောင်း အနောက်ဘက်တွင်ပဲခူးမြစ်ရှိသော ကြောင့် ပန်းဂေါ်ဖီ၊ မုန်းညှင်း၊ ချဉ်ပေါင်၊ ကန်စွန်းစသည်တို့ကိုစိုက်ပျိုးရာ၌ လိုအပ်သောရေကို အဓိကထားရရှိပါသည်။ စိုက်ပျိုးရေးသမားအနည်းစုမှာ ပဲခူးမြစ်ကိုရေထုတ်ယူရာ၌ အားထား ကြပါသည်။ ကျေးရွာအတွင်းရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ တောင်သူအများစုမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးကြပြီး၊ ဆည်ရေ၊ ချောင်းရေများကို အသုံး ပြုခြင်းမရှိပါ။ ဆည်မြောင်းလက်တက်မြောင်းများမရှိပါ၊ ကျေးရွာတောင်ဘက်ရှိ မြို့လေးကျေး ရွာနှင့်ဆက်သွယ်သောမြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် ကိုယ်ထူကိုယ်ထခင်းထားပါ သည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

မုန်တိုင်းကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၇)ဖွဲ့ရှိသည်။ ယင်းအဖွဲ့အစည်းအနက် ရွာမှဖွဲ့စည်းပေးထားသော အရန်မီးသတ်အဖွဲ့မှာ ကျေးရွာအတွင်းမီးဘေးလုံးဝမရှိသေး၍ လူပ် ရှားဆောင်ရွက်မှုမရှိဘဲ မီးဘေးအန္တရာယ်ကင်းရှင်းရေး ကြော်ငြာစာရွက်များသာဖြန့်ဝေနေရပါ သည်။

ကျေးရွာမီးလင်းရေးအဖွဲ့အစည်းမှာ မဟာဓါတ်အားလိုင်းနှင့်ဆက်သွယ်သော လိုင်းကြိုး အနီးရှိသစ်ပင် သစ်ကိုင်းများခုတ်ထွင်ခြင်း၊ ကျေးရွာအတွင်းရှိ လိုင်းကြိုးဘေး သစ်ပင် သစ်ကိုင် များရှင်းလင်းခြင်း၊ ကျေးရွာရှိလျှပ်စစ်မီးသုံးစွဲသော အိမ်ထောင်စုများလျှပ်စစ်မီးသုံးစွဲရာတွင် အဆင်ပြေစေရန်ရည်ရွယ်၍ မြို့နယ်လျှပ်စစ်ဌာနနှင့် ချိတ်ဆက်၍ အသိပညာပေးများပြုလုပ်ပေး ခြင်းတို့အား လူပ်ရှားဆောင်ရွက်မှုအားကောင်းပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သော ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကျေးရွာဖွံ့ဖြိုးရေးစီးမံကိန်းရေးဆွဲ နည်းသင်တန်းပို့ချခြင်းကြောင့် ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ ဖွံ့ဖြိုးရေးအသိအမြင်တိုး လာခဲ့ပါသည်။ ပြင်ပငွေဆုငွေချေး အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာနေအိမ်ထောင်စု များငွေကြေး အဆင်ပြေစေရန် လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာနှင့် ပြင်ပအဖွဲ့အ စည်းများကြား ချိတ်ဆက်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းဆိုင်ရာသဘောထားတို့နှင့် ပတ်သက် ၍အားနည်းချက်ရှိကြောင်းတွေ့ရှိရပါသည်။
ကျေးရွာအတွင်းသက်ဆိုင်ရာအဖွဲ့အစည်းများမှ စွမ်းဆောင်ရည်မြင့်မားစေရန် စီမံအုပ်ချုပ်မှုသင်တန်းနှင့် စာပေဟောပြောပွဲများဆောင်ရွက်ပေး နိုင်ပါက ကျေးရွာအတွင်းရှိ အိမ်ထောင်စုဝင်များအနေဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာအသိအမြင်များ ပိုမို တိုးတက်လာနိုင်ပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

မုန်တိုင်းကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော် လည်း တစ်ရွာလုံးဝင်ငွေအနေအထားမှာ အသင့်အတင့်သာရှိပါသည်။ ကျေးရွာအိမ်ထောင်စုများ ၏ဆင်းရဲချမ်းသာမှုမှာ ကျေးရွာအိမ်ထောင်စု(၁၈)% သည်ချမ်းသာသည့်အဆင့်သာရှိပြီး၊ (၂၅)% သည် အလယ်အလတ်အဆင့်သာရှိပြီး၊ ကျန်(၆၅)% သည်ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ် ထောင်စုများသာဖြစ်ပါသည်။ ကျေးရွာအတွင်း လယ်ယာမြေလုပ်ကိုင်သောတောင်သူဦးရေနည်း ပါးပြီး၊ စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော ကျဘမ်းလုပ်ကိုင်သူများကြောင်းတွေ့ရှိရပါသည်။ ယခုအခါတွင် တောင်သူအများစုမှာ လယ်ယာလုပ်ငန်းတွင် လက်တွန်းထွန်စက်ကိုသာအသုံးပြု ကြပါသည်။ ကျေးရွာအတွင်းလည်ထွန်စက်ပိုင်ဆိုင်မှုမှာ (၁)ဦးသာရှိပါသည်။ တစ်ချို့သောလယ် ယာမြေအနည်းငယ်ပိုင်ဆိုင်သောအိမ်ထောင်စုများမှာ မုန်လာ၊ ချဉ်ပေါင်၊ ဟင်းနုနွယ်စသည့်ရာ သီပေါ်သီးနှံများစိုက်ပျိုးကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မုန်တိုင်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ်မွေးမြူကြခြင်းမရှိပါ။ ကျေးရွာအတွင်း၌ တစ်နိုင်တစ်ပိုင်မွေးမြူကြပြီး၊ စားသုံးရန်အတွက်သာဖြစ်ပါသည်။

(ဂ)ငါးလုပ်ငန်း

မုန်တိုင်းကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

မုန်တိုင်းကျေးရွာတွင် အစိုးရဝန်ထမ်းများ၊ ပန်းရံလက်သမား၊ ကျဘမ်းလုပ်သူ များ၊ ဆိုင်ကယ်ကယ်ရီမောင်းသူများ၊ အထည်ချုပ်စက်ရုံဆင်းသူများရှိကြပါသည်။ အစိုးရဝန် ထမ်းနှင့် စက်ရုံအလုပ်ဆင်းသူများမှာ ငွေကြေးအသင့်အတင့်အဆင်ပြေမှုတွေ့ရှိရပြီး ကျန်ကျ ဘမ်းလုပ်ကိုင်သူများမှာ ငွေကြေးအဆင်ပြေမှုမရှိပါ။ ကျေးရွာအတွင်းအလုပ်အကိုင်အခွင့်အ လမ်းနည်းပါး ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မုန်တိုင်းကျေးရွာမှ အိမ်ထောင်စုများသည် ကျဘမ်းလုပ်ကိုင်သူများ၊ တောင်သူ များနှင့် စက်ရုံအလုပ်ရုံများတွင် ဝင်ရောက်လုပ်ကိုင်သူများဖြစ်သည့်အတွက် ပုဂ္ဂလိက ဘဏ်များ ဖြစ်သော စထာပါနာဘဏ်၊ အေစီလီတာ၊ ဒွန်း၊ စသောဘဏ်များမှ (၂.၅%) အတိုး နှုန်းဖြင့် (၁၂)လ အထိဝိုင်းကြိုးချုပ် စနစ်ဖြင့်ချေးယူလျက်ရှိပါသည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ လည်း လယ်တစ်ဧကလျှင် (၁၅၀၀၀၀/-) အား အတိုးနှုန်း (ပြား-၇၀) ဖြင့်ထုတ်ချေးပေးပါသည်။ ငွေထုတ်ချေးရာတွင် တောင်သူများမှာ မိမိတို့ပိုင်ဆိုင်သော လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇)အား ငွေထုတ်ချေးယူထားသည့် ကာလအတွင်းမြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်သို့ အပ်နှံထားရပါ သည်။ မြို့နယ်သမဝါယမအသင်းမှလည်း ကျေးရွာအိမ်ထောင်စုများအား အတိုးနှုန်း(၂.၅%) ဖြင့် ထုတ်ချေးပေးထားပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

မုန်တိုင်းကျေးရွာသည် ပဲခူးမြစ်တာလမ်းမကြီးဘေးတွင် တည်ရှိ၍အနောက်မှအရှေ့ဘက် တည်ဆောက်ထားသောရွာတန်းရှည် ဖြစ်ပါသည်။ ကျေးရွာအတွင်းမူလတန်းလွန် စာသင် ကျောင်း(၁)ကျောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဘုန်းတော်ကြီးကျောင်း(၂)ကျောင်း၊ စေတီဘု ရား(၃)ဆူ၊ သောက်သုံးရေကန်(၄)ကန်ရှိပါသည်။ ၂၀၁၆ခု နှစ်တွင် ပေ(၂၀၀၀)ခန့်ရှိသော တာလမ်းမကြီးအား အကျယ်(၆') အလျား(၇၀၀')ခန့် ထု(၆")အား ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ကျေး ရွာပြည်သူထည့်ဝင်ငွေ နှစ်ခုပေါင်း၍ကွန်ကရစ်လမ်းအဖြစ် ခင်းခဲ့ပါသည်။ ကျေးရွာအတွင်းရှိ လမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိပါ သည်။ ပဲခူးမြစ်နှင့်နီးသော်လည်း

ရေကြောင်းလမ်းကိုအသုံးပြုခြင်းမပြုဘဲ မော်တော်ဆိုင်ကယ် စက်ဘီးများဖြင့်သာ ပဲခူးမြစ်တာဘောင်ကြီးကိုသာအမှီပြု၍ ပဲခူးမြို့သို့သွားလာနေရပါသည်။

ကျေးရွာအတွင်း လျှပ်စစ်မီးအား ၂၀၁၄ခုနှစ် ဧပြီလတွင် မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့် ဖြူးရေးလုပ်ငန်းနှင့်ချိတ်ဆက်၍လျှပ်စစ်မီးရရှိခဲ့ပါသည်။ ကျေးရွာအိမ်ထောင်စု (၆၀)%သည် လျှပ်စစ်မီးအသုံးပြုနိုင်ကြပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားဝန်ဆောင် မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြပါသည်။ အင်တာနက်လိုင်းမှာလည်း ကျေး ရွာအတွင်းအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာအတွင်းစာကြည့်တိုက်မရှိ၍ စာပေဗဟုသု တနည်းပါးပါသည်။ ကျေးရွာအတွင်းဆေးခန်းမရှိသော်လည်း ဆေးဆိုင်(၁)ဆိုင်သာရှိပါသည်။

(၆) ပညာရေး

ကျေးရွာအတွင်း မူလတန်းလွန်စာသင်ကျောင်း(၁)ကျောင်းရှိ၍ ပညာသင်အရွယ်ကျောင်း သား/သူများနှင့် ပုဏ္ဏစုရပ်ကွက်ရှိအိမ်ထောင်စုများမှ ကျောင်းသားများလာရောက်၍ ပညာသင် ကြားပါသည်။ စာသင်ကျောင်းမှာသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေခင်းကျောင်းဖြစ်၍ ကျောင်း အုပ်ဆရာမကြီးမှာလည်းရွာမှဖြစ်၍ ပညာရေးအတွက် အဆင်ပြေကြောင်းတွေ့ရှိရပါသည်။ အ ခြားဆရာမများမှာလည်း ကျေးရွာဘေးရှိ ပုဏ္ဏစုရပ်ကွက်မှဖြစ်သောကြောင့် ဆရာမများ၏ နေ ရေး၊ ထိုင်ရေးအဆင်ပြေစေပါသည်။ ရွာသူ/ ရွာသားများအားလုံး ရေးတတ်ဖတ်ကြပြီး လူဦးရေ အားလုံး၏(၁)% မှာ ဘုန်းကြီးကျောင်းပညာရေးကို သင်ကြားထားကြပါသည်။ မူလတန်း အောင် ရာခိုင်နှုန်းမှာလည်းမြင့်မားပါသည်။ ယခုနှစ် ၂၀၁၈ခုနှစ်တွင် ကျောင်းအပ်နှံသည့်ဦးရေ နှုန်းထားသည် ယခင်နှစ်များထက် ပိုမိုနေသည်ဟုကျောင်းအုပ်ဆရာမကြီး၏ ပြောကြားချက်အ ရသိရပါသည်။ ကျောင်းတွင်အဓိကလိုအပ်နေသည်မှာ စာသင်ကျောင်းဆောင်ဖြစ်ပြီး၊ အလယ် တန်းအဆင့်ပညာသင်ကြားနေသောကျောင်းသားများအတွက် စာသင်ဆောင်မရှိပါ။ လက်ရှိ ကျောင်းအတွင်း၌သာစီစဉ်ထားရပါသည်။ ဆရာ/ဆရာမ ကျောင်းသားဦးရေအချိုးသည် လုံ လောက်မှုရှိပါသည်။

(၇) ကျန်းမာရေး

မုန်တိုင်းကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ရသော အနေအထားမဟုတ်ပါ။ ကျေးရွာ၌ ဆေးပေးခန်းမရှိသော်လည်း ကျန်းမာရေးနှင့်ပတ်သက်လာလျှင် ပဲခူးမြို့ပေါ်ရှိ ဆေး ခန်းများ၊ ပြည်သူ့ဆေးရုံကြီးနှင့် (၁)မိုင်ခန့်သာဝေးသောကြောင့် သွားရောက်ကုသလျှင်လွယ်ကူ ပါသည်။ ကျေးရွာရှိ ရွာသူ/သားများမှာ ကျန်းမာရေးဗဟုသုတနည်းသော်လည်း ကျေးရွာလူထု မှာ ရောဂါဆိုးဆိုးဝါးဝါးဖြစ်ပေါ်ခြင်းမရှိပါ။ ရာသီအလိုက်ဖြစ်ပွားတတ်သော

ရောဂါအနည်းငယ် သာဖြစ်ပွားတတ်ပါသည်။ သောက်သုံးရေအတွက် ကျေးရွာရှိရေကန်များကိုသာ အသုံးပြုနေကြ ပါသည်။ အခြားသုံးစွဲသော အဝီစိတုံကင်၊ မော်တာသုံးစက်တက်တွင်းတို့ကိုလည်း အသုံးပြုကြ ပါသည်။ ကျေးရွာအိမ်ထောင်စု အများစုမှာဝါးယိုင်ပတ်ဖြင့် ဆောက်လုပ်ထားသော ယင်လုံအိမ် သာကိုအသုံးပြုကြပြီး အဆင်ပြေသောအိမ်ထောင်စုများမှာ အုတ်ဖြင့်ဆောက်လုပ်ထားသော ယင်လုံအိမ်သာကိုအသုံးပြုကြပါသည်။ ယင်လုံအိမ်သာသုံးစွဲထားသောကြောင့် ရေညစ်ညမ်းမှုနှင့် ပတ်သက်သည့်ရောဂါ(ယင်ကြောင့်ဖြစ်တတ်သောရောဂါ) ဖြစ်ပွားမှုနည်းပါးပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

မုန်တိုင်းကျေးရွာမှာ ပဲခူးမြစ်ချောင်းနှင့်ကပ်လျက်တည်ရှိ၍ တာလမ်းမကြီး အနောက် ဘက်တွင်နေထိုင်သော အိမ်ထောင်စုများ၏ (၆၀)% သည် မိုးရာသီတွင် ရေကြီးမှုများဖြစ်ပေါ် သည်။ သဘာဝဘေးအန္တရာယ်၊ မုန်တိုင်းနှင့် ငလျက်ဒဏ်များလည်း တစ်ခါတစ်ရံတတ်ပြီး ပြင်း အားနည်းသဖြင့် ထိခိုက်ပျက်စီးမှုနည်းပါးပါသည်။ ကျေးရွာတွင် စပါး၊ ပဲတီစိမ်း၊ မတ်ပဲများကို အဓိကစိုက်ပျိုးကြပြီး ဖျက်ပိုးများမှာ နှစ်စဉ်နှစ်တိုင်းကျရောက်လျက်ရှိပါသည်။ ဓါတုပိုးသတ် ဆေးများ၊ ဓါတုမြေဩဇာများသုံးစွဲမှု ပိုမိုများပြားလာသဖြင့် မြေဆီလွှာများထိခိုက်ပျက်ဆီးပြီး၊ သီးနှံများအထွက်နှုန်းကျဆင်းနိုင်သည်။ ကျေးရွာ၌ဓါတ်သတ္တုနှင့် အခြားသောသဘာဝအရင်းအ မြစ်များမရှိပါ။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် ကျေးရွာလမ်းဘေးဝဲယာများမှာ စွန့်ပစ်အမှိုက်များအားတွေ့နေရသဖြင့် ကျေး ရွာ၏သဘာဝပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုများရှိနေပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတို့အတွက် အသိပညာပေးလုပ်ငန်းများ၊ အိမ်တွင်းသန့်ရှင်း ရေး ပြုလုပ်ပြီး အုပ်ချုပ်ရေးမှူး ရပ်မိရပ်ဖများ ပူးပေါင်း၍ကျေးရွာသန့်ရှင်းရေးအတွက် ဆောင် ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

မုန်တိုင်းကျေးရွာတွင် ကျား/မရေးရာဆက်နွယ်မှု အနေအထားမှာ တည်ငြိမ်ကောင်းမွန် သည်ဟု ယေဘုယျဆိုနိုင်ပါသည်။ အိမ်ထောင်စုများတွင် ကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ကျေးရွာ၏ဓလေ့ထုံတမ်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်မှုများသည် ကျေးရွာတွင် ကျားနှင့်မအကြား ခွဲခြားဆက်ဆံမှုပြင်းထန်းသော အိမ်တွင်းအကြမ်းဖက်မှုများမတွေ့ရှိရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် ရပ်ရေးရွာရေးကိစ္စများ ပါဝင်ဆောင်ရွက်မှုမှာ ဘာသာရေး၊ သာရေးနာရေးကိစ္စများ၌ လူမှုရေးကိစ္စဆောင်ရွက်ရာတွင်

အမျိုးသားများသည် သာမန်အားဖြင့် ပညာရေးနှင့်ကျန်းမာရေးနယ်ပယ်များတွင် အခွင့်အရေးမှာတူညီစွာရသည်ဟု ပြောဆိုနိုင်ပါသည်။

ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာသင်ယူမှုတွင် အမျိုးသမီးကပိုများသည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ် အားခရသော အချို့မှာအမျိုးသာများက ပိုရကြ၍လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူ ညီသော်လည်း အမျိုးသားများကပိုရရှိကြသည်။ ကျေးရွာစက်ရုံလုပ်သား အရေအတွက်မှာအမျိုး သမီးတွေသည် အမျိုးသားများထက်များစွာအလုပ်ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် မူ အမျိုးသမီးပါဝင်မှုမှာ ယခင်နှစ်များကမရှိသလောက် ၂၀၁၇ ဧနနဝါရီလမှစတင်၍ အမျိုးသမီး ဆယ်အိမ်မှူး(၂)ရောက်ပေါ်ထွက်ခဲ့သည်။ ကျား/မ တစ်ခြားတူညီမျှတမှုနှင့် ပတ်သက်၍ အသိပ ညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တူညီမှုတွင်အမျိုးသမီးများ ပိုမိုဖွံ့ ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

မုန်တိုင်းကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။မုန်တိုင်းကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက် များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများ နှင့် အခြား အေဂျင်စီ များထံမှ နည်းပညာအကူအညီများရရှိ ရန်လည်းလိုအပ်ပါသည်။ မုန်တိုင်းကျေးရွာ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစား ပေး အဆင့်	၂၀၁၈- ၂၀၁၉	၂၀၁၉ - ၂၀၂၀	၂၀၂၀ - ၂၀၂၁	၂၀၂၁ - ၂၀၂၂	၂၀၂၂ - ၂၀၂၃
၁	ကျေးရွာအတွင်းလမ်းအား ဂဝံလမ်း အဖြစ်အဆင့်မြှင့်တင်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း	၁	√				
၂	ကျေးရွာအတွင်းရှိရေကန်များအား ပြန်လည်ပြုပြင်ခြင်းနှင့်ခြံစည်းရိုးခတ်ခြင်း	၂		√			
၃	ကျေးလက်ဆေးပေးခန်းရရှိရန်ဆောင်	၃			√		

	ရွက်ခြင်း						
၄	ကျန်းမာရေးအသိပညာပေးဟောပြော ပွဲကျင်းပပေးခြင်း	၆	√	√	√	√	√
၅	အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်း(computer ၊ဆိုင်ကယ် ပြင်သင်တန်း၊ စက်ပြင်(အင်ဂျင်)၊ စက်ချုပ်သင်တန်း)	၈	√	√	√	√	√
၆	စပါးမျိုးကောင်းမျိုးသန့်ရရှိရန်ဆောင် ရွက်ခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ် များပံ့ပိုးပေးခြင်း	၇	√	√	√	√	√
၇	ကျေးရွာပိုင်မြေများပေါ်တွင် အားကစား ကွင်ပြန်လည်သတ်မှတ်ပြု ပြင်ခြင်း	၄				√	
၈	ကျောင်းစာသင်ခန်းတိုးချဲ့ဆောက်လုပ် ခြင်း	၅					√

(၁၁) မုန်တိုင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီးစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်
၁	ဦးတင်အောင်	ဦးဖိုးတန်	NMK-၀၁၄၆၁၉	ဥက္ကဋ္ဌ
၂	ဦးကြည်ရှိန်	ဦးသန်း	၇/ပခန(နိုင်)၀၄၁၇၂	အတွင်းရေးမှူး
၃	ဦး၀င်းရှိန်	ဦးကြီးမောင်	၇/ပခန(နိုင်)၁၉၅၄၆၆	ဘဏ္ဍာရေးမှူး
၄	ဦးအောင်လင်းထွန်း	ဦးထွန်းကြည်	၇/ပခန(နိုင်)၂၄၇၇၄၇	စာရင်းကိုင်-၁
၅	ဦး၀င်းမြင့်	ဦးကြီးမောင်	၇/ပခန(နိုင်)၀၄၁၇၂၇	စာရင်းကိုင်-၂
၆	ဦးကြည်ရွှင်	ဦးမောင်ကြည်	၇/ပခန(နိုင်)၀၄၁၃၉၀	သော့ကိုင်-၁
၇	ဦးရဲမင်းသိန်း	ဦးစိုးသိန်း	၇/ပခန(နိုင်)၂၃၅၉၂၈	သော့ကိုင်-၂
၈	ဦးညွှိ၀င်း	ဦးတင်ဦး	၇/ပခန(နိုင်)၀၄၁၇၅၅	အဖွဲ့၀င်
၉	ဦးဗိုလ်ရဲ	ဦးမြင့်ရီ	၇/ပခန(နိုင်)၃၃၂၃၇၂	အဖွဲ့၀င်
၁၀	ဦးဇော်၀င်းထွဋ်	ဦးတင်ရွှေ	၇/ပခန(နိုင်)၀၀၂၄၆၃	အဖွဲ့၀င်
၁၁	ဒေါ်စန်း၀င်း	ဦးတင်	၇/ပခန(နိုင်)၂၃၄၇၉၇	စာရင်းကိုင်-၃
၁၂	ဒေါ်မြင့်မြင့်ထွေး	ဦးသန်းညွန့်	၇/ပခန(နိုင်)၂၃၄၁၂၄	စာရင်းကိုင်-၄
၁၃	ဒေါ်တင်လှ	ဦးအောင်လှ	၇/ပခန(နိုင်)၀၄၁၀၆၆	အဖွဲ့၀င်
၁၄	ဒေါ်သူဇာမိုး	ဦးမောင်၂တင့်	၇/ပခန(နိုင်)၃၀၁၂၀၈	အဖွဲ့၀င်
၁၅	ဒေါ်သင်းသင်းခိုင်	ဦးကြည်စိုး	၇/ပခန(နိုင်)-	အဖွဲ့၀င်

CCC

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

မုန်တိုင်းကျေးရွာအုပ်စု၊ မုန်တိုင်းကျေးရွာ အမျိုးသမီးအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ်	လက်ရှိအခြေအေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း များ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ရာသီအလိုက် အဖျားအနာများ ခြင်း	ဆေးခန်းမရှိခြင်း ကျန်းမာရေးဗဟုသုတနည်းပါးခြင်း ကျေးရွာတွင်းလမ်းများရေအိုင်များ ရှိခြင်း	ဆေးခန်းဆောက်လုပ်ရန်မြေ နေရာရှိခြင်း လုပ်အားအကူအညီရနိုင်ခြင်း	ငွေကြေးမရှိခြင်း	ကျေးရွာတွင်ရပ်မိရပ်ဖ ၊ အုပ်ချုပ် ရေးမှူးတို့မှ မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း	ရွာသူ/သားများ အခြေခံကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီစေရန် ကျေးလက်ဆေးပေးခန်း ရုံရှိရန်နှင့် ကျန်းမာရေးဟောပြောပွဲ များ ကျင်းပရန် ဆောင်ရွက်ခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

မုန်တိုင်းကျေးရွာအုပ်စု၊ မုန်တိုင်းကျေးရွာ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု ဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ပုံမှန်ဝင်ငွေနည်း ပါးခြင်း	အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း အသက်မွေးဝမ်းကျောင်းအတတ် ပညာ တတ်မြောက်မှုမရှိခြင်း	သင်တန်းအတွက်နေ ရာရှိခြင်း ကျေးရွာနေ ရွာသူ/သား များမှသင်တန်းတက် ရောက်သင်ယူရန် ဆန္ဒရှိခြင်း	သင်တန်းအတွက် ကုန်ကျစရိတ်မရှိ ခြင်း	မြို့နယ်ကျေးလက် ဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း	ကျေးရွာသူ/သားများအလုပ်အ ကိုင်အခွင့်အလမ်း များ ရရှိလာစေရန် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ခြင်း (ကွန်ပျူတာ၊ စက်ချုပ်၊ စက်ပြင်(အင်ဂျင်))

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့် မုန်တိုင်းကျေးရွာအုပ်စု၊ မုန်တိုင်းကျေးရွာ ရပ်မိရပ်ဖအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့် အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ကျေးရွာအတွင်းသန့် ရှင်းသောသောက်သုံး ရေမရရှိခြင်းနှင့် မလုံလောက်ခြင်း	ကျေးရွာအတွင်းရှိရေကန်များတိမ်ကော နေခြင်း၊ ကန်ပတ်လည်ခြံစည်းရိုးမရှိခြင်း	လုပ်အားပေး ကူညီနိုင်ခြင်း	ကုန်ကျစရိတ် မတတ်နိုင်ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာတွင်းသန့်ရှင်းသောသောက်သုံးရေရရှိရန် ကျေးရွာအတွင်းရှိ ရေကန်များပြန်လည်ပြုပြင်ခြင်းနှင့် ခြံစည်းရိုးခတ်ခြင်း
၂	မိုးရာသီတွင် ရွာတွင်းလမ်းပျက်စီးခြင်း	မြေသားလမ်းဖြစ်ခြင်း ရေမြောင်းများမရှိခြင်း	ကျေးရွာမှငွေကြေး အသင့်အတင့်ထည့် ဝင်နိုင်ခြင်း လုပ်အားအကူအညီ ရနိုင်ခြင်း	စုစုပေါင်း ကုန်ကျစရိတ် မတတ်နိုင်ခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ လမ်းဖြစ်မြောက်ရေးကော်မတီတို့မှ ကျေးလက်လမ်းဦးစီး၊ ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာနေရွာသူ/သားများရာသီမရွေး သွားလာရေး အဆင်ပြေချောမွေ့စေရန် ရွာတွင်းလမ်းကို ဂဝံလမ်းအဖြစ်အဆင့်မြှင့်တင်ခြင်းနှင့် ရေမြောင်းများတူးဖော်ခြင်းစီမံချက်

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့် မုန်တိုင်းကျေးရွာအုပ်စု၊ မုန်တိုင်းကျေးရွာ လူငယ်အဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ်	လက်ရှိအခြေအေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	အားကစားပြင်ပွဲ များကျင်းပရန်အ ခက်အခဲရှိခြင်း	အားကစားကွင်းမရှိခြင်း	မြေနေရာရှိခြင်း လုပ်အားအကူအညီရှိခြင်း	အားကစားကွင်း အဖြစ် ပြုပြင်ရန်ကုန်ကျ စရိတ် မရှိခြင်း	ကျေးရွာရပ်မိရပ်ဖ အုပ်ချုပ်ရေး မှူးတို့မှ အားကစားဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာတွင်လူငယ်များနှစ်စဉ် အားကစားပြင်ပွဲ များကျင်းပနိုင်စေရန် ကျေးရွာပိုင်မြေပေါ်တွင် အားကစားကွင်းသတ်သတ်မှတ်မှတ် ပြုပြင်ခြင်း
၂	ကျောင်းစာသင် ခန်း မလုံလောက်ခြင်း	ကျောင်းသားဦးရေတိုး လာခြင်း မူလတန်းမှ မူလွန်အဆင့်ဖြစ်လာခြင်း	လုပ်အားနှင့်ငွေကြေး အသင့် အတင့်ရှိခြင်း	ငွေကြေးမရှိခြင်း	ကျေးရွာရပ်မိရပ်ဖ အုပ်ချုပ်ရေး မှူး၊ မိဘဆရာတို့ပူးပေါင်း၍ မြို့နယ်ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျောင်းစာသင်ခန်းတိုးချဲ့ဆောက် လုပ်ခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

မုန်တိုင်းကျေးရွာအုပ်စု၊ မုန်တိုင်းကျေးရွာ တောင်သူလယ်သမားအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတား များ နှင့် စိန်ခေါ်မှု များ	ဖြေရှင်းရန်နည်းလမ်း များ	အကောင်အထည်ဖော် ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	စပါးအထွက်နှုန်း နည်း	မြေဆီလွှာပျက်စီးခြင်း	တောင်သူများမှ စိုက်ပျိုး		ကျေးရွာတောင်သူလယ်သ မားများ	ကျေးရွာအတွင်းရှိ တောင်သူလယ် သမားများသီးနှံအ
	ပါးခြင်း	စပါးမျိုးကောင်းမျိုးသန့်မရရှိခြင်း	ရေးနည်းပညာရယူ ရန်		အုပ်ချုပ်ရေးမှူးနှင့်ပူး ပေါင်း၍	ထွက်နှုန်းတိုးစေရေးစီမံချ က်
		စိုက်ပျိုးရေးနည်းစနစ်မမှန်ကန်ခြင်း	နှင့်သီးနှံမျိုးကောင်း မျိုး		စိုက်ပျိုးရေးဦးစီးဌာန နှင့်ချိတ်	စပါးမျိုးကောင်း/သန့် ရှင်းရန် ဆောင်ရွက်ခြင်း
			သန့်ရယူရန်ဆန္ဒရှိ ခြင်း		ဆက်ဆောင်ရွက်ခြင်း	စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများပေး
						ဟောပြောပွဲများ ကျင်းပပေးခြင်း

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့် မုန်တိုင်းကျေးရွာအုပ်စု၊ မုန်တိုင်းကျေးရွာမှ ဦးစားပေးလုပ်ငန်းအဆင့် ခွဲခြားသတ်မှတ်ခြင်း

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ကျေးရွာအတွင်းလမ်းအား ဂဝံလမ်းအဖြစ်အဆင့်မြှင့်တင်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
	(၂၀၀၀'× ၁၀'× ၉")							
၂	ကျေးရွာအတွင်းရှိရေကန်များအား ပြန်လည်ပြုပြင်ခြင်းနှင့်ခြံစည်းရိုးခတ်ခြင်း	၁၀	၁၀	၁၀	၁၀	၈	၄၈	၂
၃	ဆေးခန်းဆောက်လုပ်ခြင်း	၁၀	၁၀	၁၀	၈	၈	၄၆	၃
၄	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပပေးခြင်း	၅	၅	၅	၆	၆	၂၇	၆
၅	အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း(Computer၊ ဆိုင်ကယ်ပြင်သင်တန်း၊	၅	၄	၅	၅	၅	၂၄	၈
	(အင်ဂျင်)စက်ပြင်သင်တန်း၊ စက်ချုပ်သင်တန်း)							
၆	သီးနှံမျိုးကောင်းမျိုးသန့်ရရှိစေရေးနှင့် စိုက်ပျိုးရေးနည်းစနစ်များပံ့ပိုးပေးခြင်း	၅	၅	၅	၅	၅	၂၅	၇
၇	ကျေးရွာပိုင်မြေပေါ်တွင်အားကစားကွင်းအားသတ်မှတ်ပြုပြင်ပေးခြင်း	၁၀	၈	၈	၈	၈	၄၂	၄
၈	ကျောင်းစာသင်ခန်းတိုးချဲ့ဆောက်လုပ်ခြင်း	၈	၈	၈	၇	၇	၃၈	၅

ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဆောင်ရွက်မည့်

မုန်တိုင်းကျေးရွာအုပ်စု၊ မုန်တိုင်းကျေးရွာ လက်လုပ်လက်စားအဖွဲ့ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

စဉ်	လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ	အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းရင်း	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေအနေ ကောင်းများ	အတားအဆီး၊ အဟန့်အတားများ နှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်းများ	အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ
၁	ပုံမှန်ဝင်ငွေနည်း ပါးခြင်း	အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း လိုအပ်သောအသက်မွေးဝမ်းကျောင်းအ တတ်ပညာမရှိခြင်း	သင်တန်းအတွက်နေ ရာရှိခြင်း ကျေးရွာနေ ရွာသူ/သား များမှသင်တန်းတက် ရောက်ရန်သင်ယူရန် ဆန္ဒရှိခြင်း	သင်တန်းအတွက် ကုန်ကျစရိတ်မရှိ ခြင်း	မြို့နယ်ကျေးလက် ဦးစီးဌာနနှင့်ချိတ် ဆက်ဆောင်ရွက်ရန်	ကျေးရွာအတွင်း ရွာသူ/သားများအလုပ် အကိုင်အခွင့်အ လမ်းများပေါများစေရန်စီမံ ချက် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ခြင်း (ကွန်ပျူတာ၊ စက်ချုပ်၊ စက်ပြင်(အင်ဂျင်))

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ (မုန်တိုင်းကျေးရွာ၊ ပဲခူးမြို့နယ်)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၆	၉
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၀	၃၃	၆၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၉	၄၈	၉၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅၆	၆၀	၁၁၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၉၈	၄၇၈	၈၇၆
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၈	၂၉	၄၇
စုစုပေါင်း		၅၅၄	၆၅၄	၁၂၀၈
စုစုပေါင်း အိမ်ထောင်စု				၂၉၈

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာတွင်ကျား (၅၅၄)၊ မ (၆၅၄) စုစုပေါင်း (၁၂၀၈)ဦးရှိပြီး အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်း လူးဦးရေ၏ ၇၃%ခန့် ရှိရပါသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေလျံပြီး ကျေးရွာအနောက်ဘက်ခြမ်း အိမ်ထောင်စု (၉၇) စု ရေလွှမ်းခံခဲ့ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၄	၁၂၃	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၃၀	၄၅	၀	မြင့် ☐ လတ် ☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဆေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၁၈	၀	မင့်၍☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မင့်၍☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၂	၂	၀	မင်္ဂြ☐ လတ် ☑ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မင်္ဂြ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၅	၀	မင်္ဂြ☐ လတ် ☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မင်္ဂြ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မင်္ဂြ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မင်္ဂြ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မင်္ဂြ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၄၂	၁၆၀	၉၅	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မင်္ဂြ☐ လတ် ☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
					☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မင်္ဂ်ြ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာတွင် တောင်သူ အနည်းအငယ်သာရှိပါသည်။ တချို့အိမ်ထောင်စုများမှာ မိမိတို့ပိုင်ဆိုင်သော ယာမြေပေါ်တွင် ရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။ ကျဘမ်းလုပ်ကိုင်သူများပေါများပြီး ပဲခူးမြို့ရှိစက်ရုံနှင့် ဆောက်လုပ်ရေး လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၅၀၀၀	၇၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၄၈၀၀	၄၈၀၀	၃၆၀၀	၃၆၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။
မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)
လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် အမျိုးသား(၁)ဦးကို(၁)နေ့တာ လုပ်အားခ (၅၀၀၀)နှင့် ဆောက်လုပ်ရေးလုပ်ငန်းတွင်ပန်ရုံ၊ လက်သမားဆရာ(၁)ဦးအား (၁၂၀၀၀) ပေးချေကြောင်းသိရှိရပါသည်။ အမျိုးသမီးများကို (၁)နေ့ လုပ်အားခ(၃၀၀၀)နှင့် ဆောက်လုပ်ရေးလုပ်ငန်းအတွက် (၅၀၀၀) သတ်မှတ်ထားပါသည်။ နေ့စားလုပ်အားခ ကို ကျား/မခွဲခြားထားကြောင်းသိရှိရပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် နေ့စားအလုပ်သမားများ ဌားရမ်းသူများက နေ့စားခအပြင် ထမင်း(၂)နပ်စာကျွေးရပါသည်။

(ဂ) သဘာဝရင်းမြစ်များ
(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ
ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၅၂.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၁.၅၆	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၁၀.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၅၈၃.၅၆		☒	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ၂၀၁၈ ခုနှစ် ဇူလိုင်လ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေကြီးရေလျံကြီးမှုကြောင့် စပါးစိုက် ဧက(၆၀)ခန့်ဆုံးရှုံးခဲ့ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပုန်ိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပုန်ိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပုန်ိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာတွင် သဘာဝတွင်းထွက်သတ္တုများ ထွက်ရှိခြင်းမရှိပါ။ ကျေးရွာသည် ပဲခူးမြစ်ဘေးတွင်တည်ရှိသောကြောင့် သဲထုပ်လုပ်မည်ဆိုလျှင် အဆင်ပြေမှုရှိနိုင်ပါသည်။ နွားစာပင်များမှာ မိုးကာလတွင် ပေါများပြီး နွေရာသီတွင်ရှားပါးပါသည်။ သဘာဝ ဆေးဘက်ဝင် အပင်များမရှိပါ။ အခြား သဘာဝ တိရိစ္ဆာန်မျိုးစိတ်များလည်း မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၆၆	၁၅၀	၇၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု နည်းပါးပြီး မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု များကြောင်းတွေ့ရှိရပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ ထွန်စက်နှင့် လက်တွန်းထွန်းစက် များပိုင်ဆိုင်ကြ ပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
ဝမ်းစာဖူလုံမှု		အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၁၂
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၅
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာတွင် စားဝတ်နေရေး အဆင်ပြေအောင် လယ်မြေများ၌ ဟင်းရွက်ခူး၊ ပဲခူးမြစ်ထဲမှ ငါးဖမ်းခြင်းများ လုပ်ကိုင်စားသောက်နေကြသော အိမ်ထောင်စုများရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑
		နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐
		နိမ့် ☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐
		နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဓေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။ လ မုန်တိုင်းကျေးရွာ၌ အခြားထိခိုက်လွယ်မှုပြဿနာ နည်းသော်လည်း လမ်းပန်းဆက်သွယ်ရေးမှာ အခက်ခဲရှိကြောင်းတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်☑ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
	နေထိုင်သူ	
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မင့်☐ လတ်☐ နိမ့်☑ မရှိ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မင့်☐ လတ်☐ နိမ့်☑ မရှိ☐
၉	ငါးကန်ပိုင်ရှင်များ	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မင့်☑ လတ်☐ နိမ့်☐ မရှိ☐
၁၁	လူနည်းစုလူမျိုးများ	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၅	ဆေးစွဲသူများ	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၈	နေရပ်ပြန် အခြေချသူများ	မင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မင့်☐ လတ်☐ နိမ့်☑ မရှိ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မင့်☐ လတ်☐ နိမ့်☑ မရှိ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။
ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။
လေ့လာတွေ့ရှိချက်။ ။ လေ့လာတွေ့ရှိချက် -

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်

	အမည်	(မှန်ရာတစ်ခုကို သာ ရွေးရန်)	**ကျား**	**မ**	**ပေါင်း**	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	**နိုင်မှု** (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
၁	မီးလင်းရေး ကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၇	၀	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖိုးရေး/ ☑ လုံခုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း☐ သင့် ☑ ညံ့ ☐
၂	လူငယ် အားမာန် ပရဟိတအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၀	၁၀	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖိုးရေး/ ☑ လုံခုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း☐ သင့် ☑ ညံ့ ☐
၃	အမျိုးသမီး ရေးရာအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၉	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖိုးရေး/ ☑ လုံခုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း☐ သင့် ☑ ညံ့ ☐
၄	မိခင်နှင့် ကလေးစောင့် ရှောက်ရေး	၁ ☐ ၂ ☑ ၃ ☐	၀	၇	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖိုးရေး/ ☑ လုံခုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၅	ကျေးရွာစည်ပင်သာယာရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၅	၀	၅	ပညာရေး ☐ ဌာနကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖိုးရေး/ ☑ လုံခုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☑ ညံ့ ☐
၆	အရန်မီးသတ်တပ်ဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၅	၀	၅	ပညာရေး ☐ ဌာနကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖိုးရေး/ ☐ လုံခုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း☐ သင့် ☑ ညံ့ ☐
၇	မြေယာစီမံခန့်ခွဲမှုကော်မတီ	၁☑ ၂ ☐ ၃☐	၆	၁	၇	ပညာရေး ☐ ဌာနကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေးနာရေး၊လူမှုဖွံ့ဖိုးရေး/ ☐ လုံခုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☐ သင့် ☑ ညံ့ ☐
၈	မိဘဆရာအသင်း	၁ ☐ ၂ ☑ ၃ ☐	၆	၁	၇	ပညာရေး ☑ ဌာနကြေး ☐ ကျန်းမာရေး ☐	ကောင်း☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ဘာသာရေး ☐ စိုက်ပျိုးမွေးမူခြင်း ☐ သာရေးနာရေး၊လူမှုဖွံ့ဖိုးခြင်း/ ☐ လုံခုံခြင်းနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာ၌ လူထုအခြေပြု အဖွဲ့အစည်းများရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်မှုအားနည်းပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	အေစီလီတာ	၁ ☐ ၂ ☐ ၃ ☐ ☐ ၅ ☐ ၅ ☐ ၆ ☐ ၇ ☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူခြင်း ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖိုးခြင်း ☐
၂	စတာပါနာ	၁ ☐ ၂ ☐ ၃ ☐ ☐ ၅ ☐ ၅ ☐ ၆ ☐ ၇ ☑	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			စိုက်ပျိုးမွေးမူခြင်း ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖိုးခြင်း ☐
၃	ဟောမာန်	၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☑	ပညာရေး ☐ ဌကေခြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူခြင်း ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖိုးခြင်း ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌကေခြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူခြင်း ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖိုးခြင်း ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌကေခြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူခြင်း ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖိုးခြင်း ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌကေခြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမူခြင်း ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖိုးခြင်း ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေသော်လည်း ဆင်းရဲသော မိသားစုများနေ၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကြိုးစားအားထုတ်ရဦးမည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ချေးငွေအဖွဲ့အစည်းများမှလည်း အိမ်ထောင်စုများ အားငွေကြေးထုတ်ချေးလျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၉၄	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၅၀	တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင ်သတ်မှတ်ချက်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၂၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၉၈	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အများအပြား ရှိရပါသည်။ တောင်သူများမှာလည်း ၂၀၁၈ ခုနှစ်လိုင်လ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် စပါးစိုက်ဧကများ ပျက်စီးခဲ့ရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက် ☐ မဖြေဆိုပါ ☑	မရှိ ☐ မဖြေဆိုပါ☑
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာတွင် ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာမရှိပါ။ မိုးရေကိုသာ အဓိက အားထား၍ စိုက်ပျိုးကြောင်းသိရှိရပါသည်။ နွေစပါးစိုက်ပျိုးခြင်းမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၅၅၂	တင်း	၃၀	၇၀	၅၀	ဇန်နဝါရီ	အောက်တိုဘာ	မပြု☐ လတ်☑ နိမ့် ☐	မပြု☐ လတ်☑ နိမ့် ☐
ပဲတီစိမ်း	၂၀၀	တင်း	၇	၁၅	၁၁	ဒီဇင်ဘာ	ဖေဖော်ဝါရီ	မပြု☐	မပြု☐

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								လတ်☑ နိမ့် ☐	လတ် ☑ နိမ့် ☐
မတ်ပဲ	၂၀၀	တင်း	၆	၁၃	၉.၅	ဒီဇင်ဘာ	ဖေဖော်ဝါရီ	မြင့်☐ လတ် ☑ နိမ့် ☐	မြင့်☐ လတ် ☑ နိမ့် ☐
								မြင့်☐ လတ် ☐ နိမ့် ☐	မြင့်☐ လတ် ☐ နိမ့် ☐
								မြင့်☐ လတ် ☐ နိမ့် ☐	မြင့်☐ လတ် ☐ နိမ့် ☐
								မြင့်☐ လတ် ☐ နိမ့် ☐	မြင့်☐ လတ် ☐ နိမ့် ☐

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မုန်တိုင်းကျေးရွာတွင် မိုးစပါးနှင့် ဆောင်းသီးနှံအဖြစ် မတ်ပဲနှင့် ပဲတီစိမ်းတို့ကို စိုက်ပျိုးပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၁	၀	၀	၀
လက်တွန်းထွန်စက်	၆	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

